**2022 Champions of the Earth ဆုအတွက် အဆိုပြုနိုင်ပါကြောင်း အသိပေးကြော်ငြာခြင်း**

Champions of the Earth ဆုကို ၂၀၀၅ ခုနှစ်မှ စတင်၍ ပေးအပ်ချီးမြှင့်လာခြင်း ဖြစ်ပြီး ကုလသမဂ္ဂက ပတ်ဝန်းကျင်ရေးရာကဏ္ဍတွင် အမြင့်ဆုံး ဂုဏ်ပြုပေးအပ်သောဆု ဖြစ်ပါသည်။ အဆိုပါဆုကို အောက်ဖော်ပြပါ ကဏ္ဍများဖြင့် ခွဲခြား၍ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း များကို ဂုဏ်ပြုချီးမြှင့်လျက်ရှိပြီး ယခုနှစ်အတွက် 2022 Champions of the Earth ဆုကို ဂေဟစနစ်ယိုယွင်းမှု ကာကွယ်၊ ရပ်တန့်၊ ပြန်လည်ပြုပြင်ရာတွင် ဆောင်ရွက်လျက်ရှိသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အဆိုပြုရန် အကြံပြုတိုက်တွန်းထားပါသည်-

(က) Policy Leadership

(ခ) Inspiration and action

(ဂ) Entrepreneurial vision

(ဃ) Science and innovation

2022 Champion of the Earth ဆုသည် ပတ်ဝန်းကျင်ရေးရာ ဆောင်ရွက်မှုများတွင် ထူးချွန်ပြောင်မြောက်သူများကိုပေးအပ်မည့် ကုလသမဂ္ဂပတ်ဝန်းကျင်ရေးရာအတွက် ပေးအပ်မည့် အမြင့်ဆုံးဆုဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို https://www.surveymonkey.com/r/unepCOE22 ၌ မိမိအဆိုပြုလိုသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို သတ်မှတ်ပုံစံတွင် ဖြည့်စွက်ရေးသွင်းကာ ၁၁-၄-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ကဏ္ဍအလိုက် အဆိုပြုနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**